# မယ်စု

## ဆည်းလည်းခြေရာများနှင့်

## အခြားဝတ္ထုတိုများ



# ခြေတစ်လှမ်း

(၁)

(လွန်ခဲ့တဲ့ တစ်လ...)

မောင်နဲ့ ဖုန်းပြောပြီးတော့ ကျွန်မတစ်ညလုံး ကျိတ်ငိုနေမိပါတော့တယ်။ တစ်ချက်တစ်ချက် ထွက်လာတဲ့ ရှိုက်သံကြောင့် ဘေးခုတင်မှာ အိပ်မောကျနေတဲ့ မေဖြူများ နိုးသွားရင် ‘ငါမပြောခဲ့ဘူးလား’ ဆိုပြီး ဆူမှာ ကြိုသိပါရဲ့ ။

‘သဲ’

‘မောင်တို့ လမ်းခွဲကြရအောင်’

အေးစက်စက်နဲ့ မောင့်ဆီကထွက်လာတဲ့ လမ်းခွဲစကားကြောင့် ကျွန်မ ကြောင်အနေမိတယ်။ လှိုက်တက်လာတဲ့ ဝမ်းနည်းစိတ်ကို မနည်းချုပ်ထိန်းရင်း၊ သူပြတ်နိုင်ရင် ငါလည်း ပြတ်နိုင်ရမှာ ပေါ့ ဆိုတဲ့ မာနကြောင့်

‘အင်း မောင့်သဘောလေ’

အသံမတုန်အောင် ထိန်းပြောရင်း ဝဲတက်လာတဲ့ မျက်ရည်တွေကို

မျက်တောင်နဲ့ ပုတ်ခတ် သိမ်းဆည်းနေမိပါတယ်။

ဖုန်းထဲမှာ မို့ တော်ပါသေးတယ်။ အပြင်မှာ လူချင်း တွေ့ပြီးများ ပြောရင် စိတ်ထင်ရာ လုပ်မိမယ်ထင်တယ်။

'သဲကို မချစ်လို့ မဟုတ်ဘူး နော်၊ မောင်တို့ ဘယ်လိုမှ အဆင်မပြေ တော့လို့ '

ကျွန်မ မောင့်စကားတွေကို မကြားချင်ယောင် ဆောင်ပြီး

'မင်းကို Unfriend လုပ်လိုက်တော့မယ်၊ မင်းအကောင့်ထဲလည်း မ ဝင်တော့ဘူးနော် ဒါပဲမလား'

'အင်း'တဲ့ ။

တကယ်တမ်းတော့ မောင့်ကို Unfriend မလုပ်ဖြစ်ပါ။ မောင့်အကော င့်လေးကနေ Log Out လုပ်လိုက်ပြီး ကျွန်မရဲ့ Facebook Account ကို D eactivate လုပ်လိုက်ပါတော့တယ်။

Sim card ကိုလည်း ထုတ်ပစ်လိုက်မိတယ်။

နာကျင်လက်စနဲ့ နာကျင်ပါစေတော့။ အသည်းကွဲတာ ဒါပထမဦး ဆုံး အကြိမ်မှ မဟုတ်တော့တာ နောက်ဆို အသားကျသွားမှာ ပေါ့။

ကျွန်မကိုယ်ကျွန်မ နှစ်သိမ့်တယ်။

အဆောင် လမ်းထိပ်မှာ တော့ ခွေးတွေအူနေတယ်၊ အရင်လို ကျွန်မ ကြောက်နေမိ ပေမဲ့လည်း .......

* * *

(၂)

မောင်နဲ့ ကျွန်မကFacebook မှာ အပြန်အလှန်Comment ပေးကြရင်း၊ စကြနောက်ကြရင်း ခင်ခဲ့ကြတာ။ မောင်က ကျွန်မထက် သုံးနှစ်ငယ်တဲ့ ဌာနအဖွဲ့အစည်းတစ်ခုက အရာရှိပေါက်စလေး။ မောင့်ရဲ့ အလုပ်ကိစ္စနဲ့ နေပြည်တော်ကိုလာတိုင်း ကျွန်မနဲ့ တွေ့ဖြစ်ကြပါတယ်။

ကော်ဖီ အတူတူ သောက်ရင်း၊ ဘုရား အတူတူဖူးရင်း၊ ညနေစာ အတူတူစားရင်း အရင်ကထက် ပိုခင်မင်ခဲ့ကြတယ်။ နောက်ပိုင်း မောင်နဲ့ ညတိုင်း ဖုန်းအကြာကြီး ပြောဖြစ်တယ်။ စာတွေပို့ကြတယ်။ Video call တွေ ပြောကြတယ်။

လေးလ အကြာမှာ တော့ ချစ်သူဖြစ်ခဲ့ကြပါတယ်။ နှစ်ယောက်စလုံး မရည်ရွယ်ပါဘဲနဲ့ LDRS (Long Distance Relationship ) ဘဝကို ရွေးချယ်မိခဲ့ကြ ပါတော့တယ်။

မေဖြူကတော့ ကျွန်မကို သြချယူပါတယ်။

'လိုင်းပေါ်က အချစ်ကို နင်ယုံတယ်ပေါ့'တဲ့

'မယုံဘူး ငါမောင့်ကိုပဲ ယုံတာ'

မောင်က မထင်ထားလောက်အောင် လူကြီးလူကောင်းပီသပါတယ်။

ချစ်သူစဖြစ်ကတည်းက ကျွန်မ မတောင်းပါဘဲနဲ့ ကျွန်မ မယုံကြည်မှာ စိုးတာကြောင့် သူ့ရဲ့ Facebook Account ပေးထားတယ်။ မောင့်မိဘတွေကိုလည်း ကျွန်မနဲ့ တွဲနေကြောင်း ဖွင့်ပြောပြထားတယ်။ ကျွန်မကိုလည်း ရန်ကုန်မှာ အလုပ်လာလုပ်ဖို့ အတင်းတိုက်တွန်းတယ်။

မောင့်အလုပ်က တင်းကြပ်တဲ့ အစိုးရအလုပ် ပြီးတော့ ရေလမ်းပဲ ကျင်လည်ရတာ ဆိုတော့ မောင်က နေပြည်တော်ကို အမြဲလာမနေနိုင်ဘူးလေ။ ကျွန်မ မောင်နဲ့ အနီးဆုံးမှာ နေချင်ပေမဲ့ ကျွန်မ မိဘတွေကြောင့် သွားခွင့်မရပါဘူး။

'တနင်္ဂနွေသားသမီးတွေရဲ့ ဘုမ္မိအရပ်က တောင်အရပ်ပဲ ငါ့သမီးက ရန်ကုန်ကို သွားလို့ မရဘူး၊ နေပြည်တော်မှာ လည်း ဝင်ငွေကောင်းနေတာပဲ မသွားရဘူး'တဲ့

တစ်ပတ်တစ်ခါ အဆောင်ကနေ အိမ်ကိုပြန်တိုင်း ရန်ကုန်သွားဖို့ ပူဆာရတယ်။

ဒါတွေကို မယုံကြည်ကြောင်း သာဓကတွေနဲ့ နားလည်အောင် ရှင်းပြလည်း လက်မခံတာကြောင့် ကျွန်မပဲ လက်လျှော့ရတယ်။

ဇွတ်သွားရင် ရလျက်နဲ့ အမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ချင်တာကြောင့် ငြိမ်နေရပါတော့တယ်။

မောင်နဲ့ ချစ်သူဖြစ်ပြီးမှ မောင်က ခြောက်လကြာမယ့် Mission နဲ့ ပင်လယ်ထဲ သွားရတယ်။ ဒီလိုပဲ လိုင်းမိတစ်ခါ မမိတစ်ခါနဲ့ အချစ်တွေ အလွမ်းတွေ မပျက်ခဲ့ပါဘူး။ ကုန်းပေါ် ပြန်ရောက်တော့လည်း တရုတ်ပြည်က စဖြစ်တဲ့ ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားနေတာကြောင့် မတွေ့ရ။ အစိုးရက ပြည်သူတွေကို အိမ်မှာ ပဲ နေခိုင်းချိန် ကိုယ့်ဆီ သူမလာရ၊ သူ့ဆီ ကိုယ်သွားမရနဲ့ လေထဲကပဲ ဂရုစိုက်ရ၊ စိတ်ပူရပြန်တယ်။

ဒီလိုနဲ့ အလွမ်းတွေ တနင့်တပိုးကြီး ထမ်းထားရင်း ချစ်သူသက်တမ်း တစ်နှစ်စွန်းလာခဲ့ တော့တယ်။

* * *

(၃)

မောင်က ညညဆို အိပ်မပျော်ဘူးလို့ ပြောလာလို့ ကျွန်မမှာ မောင် အိပ်ပျော်စေဖို့ နည်းလေးတွေ ပြောပေးပြီး၊ ဆောင်းပါးလေးတွေ ရှာပို့ ပေးရသေးတယ်။

အတွေးတွေ များ လွန်းတာကြောင့်၊ အလုပ်က ဖိအားတွေကြောင့်၊ ပြီးတော့ ကျွန်မကြောင့်လည်း ပါတယ်တဲ့ ...

'မောင်က သဲကြောင့် ဘာတွေများ စိတ်ဖိစီးနေတာလဲ ပြောပါဦး '

Video Call ပြောနေရင်း မျက်ခုံးရှုံ့ကာ အလိုမကျတဲ့ ပုံစံနဲ့ မောင့်ကို ကျွန်မ မေးလိုက်တယ်။

'မောင်တို့ အနာဂတ်အတွက် အများကြီး စဉ်းစားနေတာ၊ ပြီးတော့ သဲကို မောင်နဲ့ အနီးဆုံး ရန်ကုန်လာနေပြီး အလုပ် လုပ်စေချင်တယ်၊ မောင်တို့ ဒီလိုကြီး ဝေးနေရရင် ရေရှည် အဆင်မပြေဘူး'

'ကျွတ်... ရန်ကုန်လာဖို့ မဖြစ်နိုင်ဘူးဆိုတာ မောင့်ကို သဲဘယ်နှခါ ပြောရမှာ လဲ။ ဒီတိုင်းလွမ်းရင် တစ်ပတ်တစ်ခါ အလှည့်ကျ လာတွေ့လို့ ရတာပဲ'

'သူများ အတွဲတွေဆို ညနေရုံးဆင်းရင် အင်းယားကန်ပေါင် လမ်းလျှောက်၊ အကြော်စား၊ ညဈေးတန်းသွား၊ လှည်းတန်းသွား လျှောက်လည်နေကြတိုင်း မောင် သဲကို စိတ်ဆိုးတယ်'

‘အဲဒါဆိုလည်း မင်းရန်ကုန်သူကို ကြိုက်ပါလား ဘာလို့ ငါ့လာ ကြိုက်သေးလဲ ၊ ဒါဖြင့်လည်း လမ်းခွဲကြတာပေါ့’

ကျွန်မ ပြောချင်ရာပြောပြီး ဖုန်းချ၊ စက်ပိတ်ပစ်လိုက်တော့တယ်။ ဒါ က ဒီတစ်ခါတည်း မဟုတ် ၊ ခဏတိုင်း ပြောနေမိတဲ့ စကားနဲ့ ပြုမူနေကျ အကျင့် ဖြစ်လေတယ်။

ဒီနောက်ပိုင်း တဖြည်းဖြည်းနဲ့ မောင်စိတ်တွေ ဆတ်လာတယ်။ အမူ အရာတွေ ပြောင်းလာတယ်။ အရင်လို ကျွန်မ စိတ်ဆိုးပြီး ဖုန်းချပစ် တိုင်း ပြန်ခေါ်ပြီး မချော့တော့ဘူး။ ကျွန်မကို သည်းမခံတော့တဲ့ အပြင်၊ ပစ်ထားတတ်လာတယ်။

ဒီလိုနဲ့ ပဲ လမ်းမခွဲခွဲအောင် လုပ်ပြနေတယ်လို့ ကျွန်မ ယူဆလာ တယ်။

* * *

(၄)

မောင့်အမူအရာတွေ ပြောင်းလာတော့ ကျွန်မ သံသယမဝင်ဘဲ ရှိပါ တော့မလား။

မောင့်ရဲ့ Facebook Account ထဲ ဝင်ကြည့်တယ်။ မောင်က သူ့ သူငယ်ချင်းတွေနဲ့ ပြောထားတာကလွဲလို့ ဘာမှ သံသယဖြစ်စရာ မရှိ။

အရင်လို မနွေးထွေးပေးနိုင် တော့တောင် မောင်ကျွန်မအပေါ် သစ္စာ

မဖောက်သေးတာပဲ ကျေးဇူးတင်ရမလို ဖြစ်ရပြန်တယ်။

မောင်တို့ အဆင်မပြေတော့လို့ ဆိုတဲ့ အချက်က ဝေးနေကြလို့ ပဲ ဖြစ်မှာ ပါလေ။ တခြားအမျိုးသားတွေဆို နိုင်ငံခြားမှာ သုံး၊ လေးနှစ် သွားနေကြပြီး ကိုယ့်ကောင်မလေးကို သစ္စာ ရှိလိုက်ကြတာ။ သူများ တွေ(သို့မဟုတ်) ကျွန်မကိုယ်တိုင်ကတောင် ဝေးရတဲ့ ဒဏ်ကို ခံနိုင်ရည် ရှိပါလျက်နဲ့ ။ မောင်က ဝေးနေရတဲ့ ဒဏ်ကို သည်းမခံနိုင်တော့လို့ ကျွန် မကို လမ်းခွဲသွားခဲ့ပြီ မဟုတ်ပါလား။

အခုတလော အလုပ်မှာ လည်း ငွေငွေငိုင်ငိုင်နဲ့ အဆင်မပြေဘူး။ လုပ်သ မျှကိုင်သမျှ အလွဲလွဲအမှားမှားနဲ့ အသည်းကွဲတာနေ မပျော်လိုက်တာ။

လမ်းခွဲပြီးနောက်ပိုင်း မေဖြူ့အကောင့်ကို သုံးပြီး မောင့်အကောင့်ထဲ ဝင်ကြည့်တယ် ဘာမှ မတွေ့။ အနည်းဆုံးတော့ ကျွန်မကြောင့် အသည်း ကွဲနေကြောင်း လေးတော့ တင်ထား သင့်တာပေါ့။

‘သူက ငါ့ကို မချစ်လို့ မဟုတ်ဘူး တဲ့ ဖြူရယ်’

‘အဲဒါ ယောက်ျားတွေရဲ့ သုံးနေကျ ဂျင်းစကားတွေ’တဲ့

မေဖြူ့အပြောကြောင့် ကျွန်မရင်ထဲမှာ စူးခနဲ ပူသွားရပြန်တယ်။

မောင် အဆင်ပြေနေလို့ ပဲ နေမှာ ပါလေ။

ဒီလိုနဲ့ ယောင်ယမ်းနှိပ်မိတဲ့ မောင့်ဖုန်းနံပါတ်လေးတွေက ကျွန်မကို ကျီစယ်နေလေရဲ့ ။

* * *

(၅)

(လွန်ခဲ့တဲ့ တစ်လက.....)

ဦးနှောက်က အိပ်ချင်နေပြီ။

ခန္ဓာကိုယ်ရဲ့ ဘယ်ကမှန်း ထောက်ပြလို့ မရတဲ့ နေရာကလည်း အိပ်ချင်နေပြီ။ တဝါးဝါး နဲ့ လည်း ဆက်တိုက် သမ်းနေပါလျက်နဲ့ မျက်လုံးကို ဘယ်လိုမှ ပိတ်မရ။

'ညအိပ်ခါနီးတိုင်း ဖီးကြမ်းငှက်ပျောသီး စားပေး၊ သွေးလေညီညွတ်တယ် မောင်ရဲ့ မနက်သဘော်၊ ညငှက်ပျောတဲ့ ကျန်းမာရေး အဆိုတောင်ရှိသေး'

'မအိပ်ခင် တရားထိုင်ကြည့်ပါလား၊ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် ကြာကြာလုပ်ပေး၊ ထွက်သက်ဝင်သက်ကို ရေတွက်ပြီး အိပ်ကြည့်ပါလား'

သဲ ပေးတဲ့ အကြံတွေလည်း ကုန်ပြီ၊ ကျွန်တော် လိုက်လုပ်တာမရ။ ဘယ်လိုမှ အိပ်မပျော်နိုင်ခဲ့ပါဘူး။ အိပ်ရေးပျက်လွန်းတဲ့ ညတွေက များပြီ၊ လူကလည်း မလန်းဆန်းနိုင်တော့။

Chief Officer ကလည်း Last Minutes အလုပ်တွေ ခိုင်းတယ်၊ တင်ပြတဲ့ Plan တွေ ကိုလည်း တစ်ခုပြီးတစ်ခု မကြိုက်လို့ ပြန်ပြင်ခိုင်းတယ်၊ ကိစ္စသေးသေးလေးက အစ ခံစားတတ်လွန်းတဲ့ ကျွန်တော့် အတွက် အလုပ်မှာ စိတ်ဖိစီးမှုတွေ အရမ်းများ ရတယ်။

ဒီကြားထဲ မေမေကလည်း ဆီးချိုတွေတက်ပြီး နေမကောင်း၊ လူက လည်း အရမ်းပင်ပန်းနေချိန် သဲကလည်း ကျွန်တော့်ကို လမ်းခွဲမယ်တဲ့ ။

ဖုန်းပြောတိုင်း ရန်လိုနေတယ်၊ အားတိုင်း လမ်းခွဲတယ်။

ဒီလိုနဲ့ ကိုယ်တိုင်ကလည်း တစ်ခုမှ အဆင်မပြေတာကြောင့် ဘာမှ ဖြေရှင်းချက်တွေ မပေးတော့ဘဲ သူမသဘောအတိုင်း လမ်းခွဲခွင့် ပေးလိုက်ပါတယ်။

တစ်နှစ်ကျော်လောက် အပြင်မှာ မတွေ့ရဘဲနဲ့ တောင် ဆိုးတူ ကောင်းဘက် တွယ်လာတဲ့ သံယောဇဉ်ကိုမှ မထောက် ပြတ်သားနိုင် လွန်းတဲ့ သဲကိုတော့ အံ့ဩပေမဲ့ အပြစ်မမြင်ရက်ဘူး။ ငွေမရတာက တော့ ကျွန်တော် သဲကို သိပ်ချစ်ခဲ့ပါတယ်။

* * *

(၆)

(လွန်ခဲ့တဲ့ နှစ်ပတ်က...)

ကျွန်တော် သဲနဲ့ လမ်းမခွဲနိုင်ပါဘူး။ သေချာပါတယ်။ သဲရဲ့ အသံ လေး တစ်ရက် မကြားရရင်ကို ရူးမတတ်ပဲ။

အလုပ်ကိစ္စ၊ မိသားစုကိစ္စ၊ နှလုံးသားကိစ္စ အရာရာဟာ ပူပင်စရာ တွေ အပြည့်။ အလိုလိုနေရင်းလည်း ဝမ်းနည်းလွယ်လာတယ်။ ဘာကို မှ အာရုံလည်း စူးစိုက်လို့ မရတော့ဘူး။ သင်တန်းမှာ စာတွေလည်း

လိုက်မှတ်လို့ မရ၊ အမြဲခေါင်းထဲ မူးနေတယ်။ တစ်ရက်လည်း မဟုတ်။

ကျွန်တော့်မှာ ဘယ်သူမှ မရှိတော့ဘူး။ ညနေဆို ကျွန်တော် ယောက်ျားတန်မဲ့ ငိုရပါတယ်။ အိပ်မပျော်တဲ့ ရောဂါက မပျောက်သွားတော့ ပိုဆိုးပါတယ်။ စိတ်တွေက တက်လိုက် ကျလိုက်နဲ့ တကယ်ကို မနေချင်တော့ပါဘူး။

ဒီရက်ပိုင်း ကျွန်တော့်အတွက် ဘယ်အရာကမှ အဓိပ္ပာယ်လည်း မရှိတော့ဘူးလို့ ခံစားနေရတယ်။ အတွေးတွေလွန်ပြီး စိတ်ဖိစီး နေတာကြောင့်လည်း ကိုယ့်ခေါင်းကို ရိုက်ခွဲ ပစ်ချင်စိတ်တွေ ပေါက်လာတယ်။ ကျွန်တော် ရူးတော့မလားပဲ။

ဒီတိုင်းနေလို့ မရတော့မှန်း သိလိုက်ပါပြီ။ မေမေ့ဆီ ဖုန်းဆက်ရင်ဖွင့်ကြည့်မိတော့ မေမေကလည်း ကျွန်တော့်ကို ဆရာဝန်ပြဖို့ လိုပြီတဲ့ ။

သဲက ဖုန်းကို စက်ပိတ်ထားတုန်း။ Facebook အကောင့်ကိုလည်း ပိတ်ထားသေးတယ်။

သဲသူငယ်ချင်း မေဖြူကို ဆက်တော့လည်း ကျွန်တော်မှန်းသိရင် ဖုန်းချပစ်ပါတယ်။

စက်ပိတ်ထားမှန်း သိလျက်နဲ့ အဆုံး......

ကျွန်တော် သဲဆီ စာတွေ ပို့ထားရုံသာ။

* * *

ဇွန်လ ၂၄ ရက်၊ ၂၀၂၀

မောင်နဲ့ ချစ်သူဖြစ်တာ တစ်နှစ်နဲ့ သုံးလ ပြည့်တဲ့ နေ့လေး။ လမ်းခွဲပြီးပေမဲ့ နောက်ဆုံးအချစ်မို့ လွယ်လွယ် မေ့မရနိုင်ခဲ့။ မောင့်ကို လွမ်းနေမိတာကြောင့်လည်း စိတ်လိုလက်ရနဲ့ တစ်လလောက် ထုတ်ထားဖြစ်တဲ့ Sim Card လေးကို ပြန်ထည့်ကြည့်ဖို့ ကျွန်မရှာနေမိတယ်။ ဟော တွေ့ပါပြီ။

'မောင် သဲကိုမပြတ်နိုင်ဘူး မောင်တို့ ပြန်တွဲရအောင်'

ပို့ထားတဲ့ စာတွေ အများကြီးထဲကမှ အဲဒီတစ်ကြောင်းကိုပဲ ကျွန်မမြင်ပါတယ်။ ကျွန်မမျက်ဝန်းထဲမှာ မျက်ရည်တွေ လျှံပြီး အမြင်တွေဝေဝါးလို့ ။

နောက်ဆုံးရက်စွဲနဲ့ ဝင်လာတဲ့ စာလေးက..

'မောင် ဆေးရုံတက်နေရတယ်

စိတ်ကျရောဂါတဲ့ သုံးပတ်လောက် ဆေးရုံတက်ရမယ်'

ဘုရား ဘုရား စိတ်ကျရောဂါဆိုရင် လူတော်တော် များများက ဘာမှမဟုတ်တဲ့ စိတ်ဓာတ် ကျရုံလေးလို့ ထင်ကြတယ်။ ဒီလိုနဲ့ အချိန်မမီတော့ဘဲ ဆုံးရှုံးလိုက်ရတဲ့ အသက်ပေါင်း မနည်းတော့ဘူး။ ဒီရောဂါ ခံစားနေရတဲ့ လူတွေကို ပတ်ဝန်းကျင်မှာ တွေ့ရင် ဖေးမသင့်ကြောင်း၊ မပေါ့သင့်ကြောင်း စာတွေဖတ်ခဲ့ဖူးတယ်။ သည်းမခံနိုင်တော့တဲ့ အဆုံး Sucide လုပ်ပစ်နိုင်တဲ့ အထိ သက်ရောက် သွားနိုင်တယ်လေ။

တော်သေးတယ် မောင်ကတော့ အချိန်မီလို့ ၊ မဟုတ်ရင် ကျွန်မ တစ်သက်လုံး နောင်တ ရနေမိတော့မှာ ။

တစ်ချိန်တည်း ကျွန်မရဲ့ လက်ချောင်းလေးတွေက မောင့် ဖုန်းနံပါတ်

လေးတွေပေါ်မှာ ။

‘ဟယ်လို သဲ ’ တဲ့

မောင့်ရဲ့ အသံလေးက ဖျော့တော့လိုက်တာ.......

* * *

(၇)

ရန်ကုန်ကို ဦးတည်မောင်းနေတဲ့ အမြန်ကားကြီးက အမြန်လမ်းမကြီးပေါ်မှာ တရိပ်ရိပ်။ ဒါကိုပင် နှေးနေသေးတယ်လို့ ကျွန်မထင်မိတယ် ။

နှစ်ယောက်စာထိုင်ခုံမှာ တစ်ယောက်တည်း စိတ်လောစွာနဲ့ ဆောက်တည်ရာမရ။

ကျွန်မဘက်ကတော့ မိဘတွေကို အတိုက်အခံလုပ်ပြီး ဆုံမှတ်ကလေးဆီ ခြေတစ်လှမ်း စလှမ်းခဲ့ပြီ၊ ကျန်တဲ့ ခြေလှမ်းတွေကိုတော့ မောင့်ဘက်က ဆက်ပြီး လှမ်းခဲ့ဖို့ ပဲ ကျန်ပါတော့တယ်။

‘တွေ့ချင်လွန်းလှပြီမောင်ရယ်’

မယ်စု

* * * * *